## အမှာစာ

မှန်တာကိုပဲ ပြောတာပါ။ စိတ်ထဲရှိတဲ့အတိုင်း ရေးတာပါ။

အားမနာနိုင်တော့ပါဘူး။

လွတ်လပ်မှုကို ရှုထောင့်အမျိုးမျိုးကနေ စဉ်းစားပါ။

စာတစ်ပိုဒ်ထဲရဲ့အဓိပ္ပါယ်ကို ကွက်ပြီး တစ်ဖက်သတ် အဓိပ္ပါယ် မကောက်ပဲ အားလုံးကို ဖတ်ပြီးမှ ခြုံပြီး အဓိပ္ပါယ်ကောက်ပါ။

စဉ်းစားစရာတွေကို ပေးလိုက်တာပါ။ ပုံသေမှတ်ထားစရာတွေ မဟုတ်ပါဘူး။

ဘာကိုမှ ယုံဖို့ မလိုပါဘူး။ ယုံစေချင်လို့ ပြောတာ မဟုတ်ပါဘူး။

လွတ်လပ်မှုဆိုတာ စကားလုံး တစ်လုံးထဲနဲ့ အဓိပ္ပါယ် အင်မတန် များလှပါတယ်။ ပြည့်စုံအောင် ပြောနိုင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် အခုရေးလိုက်တာတွေဟာ ပြည့်စုံတယ်လို့ မဆိုလိုပါဘူး။ ဆက်ရေးပါအုံးမယ်။

လွတ်လပ်မှုဟာ လူသားတွေရဲ့ ဘဝမှာ တန်ဖိုးထားစရာအကောင်းဆုံး အရာ ဖြစ်ပါတယ်။ ပြောရအခက်ဆုံး အရာလည်း ဖြစ်ပါတယ်။ လွတ်လပ်တဲ့ စိတ်ကို ခံစားရတဲ့အခါ အဲဒီစိတ်အကြောင်းကို ပြောပြပါ လို့ဆိုရင် ပြောချင် ပေမယ့် ပြောတတ်ဖို့ မလွယ်ပါဘူး။ အခု ဘုန်းကြီးက ပြောပြချင်လွန်းလို့ ကြိုးစားပြီး ပြောလိုက်ပါတယ်။ လွတ်လပ်မှုအကြောင်း ပြောရခက်သလို ဖတ်ရတာလည်း လွယ်မယ်မထင်ပါဘူး။

ဘုန်းကြီးငယ်ငယ်ကတည်းက လွတ်လပ်မှု ဆိုတဲ့စကားလုံးကို တွေ့ရင် သိပ်သဘောကျပါတယ်။ freedom, libery, independence, ဆိုတဲ့ စကားလုံးတွေကို အင်မတန် သဘောကျပါတယ်။

လွတ်လပ်တဲ့သူတွေအကြောင်းကို စာပေထဲမှာရှာဖတ်တယ်။ လွတ်လပ် အောင် ဘယ်လိုနေရမလဲ ဆိုတာကိုလည်း အမြဲ နည်းလမ်းရှာတယ်။ အခု အချိန်အထိ အတတ်နိုင်ဆုံး လွတ်လပ်မှုရှိတဲ့ နေပုံ ထိုင်ပုံမျိုးနဲ့ နေပါတယ်။ တတ်နိုင်သလောက် လွတ်လပ်တဲ့စိတ်နဲ့ နေပါတယ်။

အထူးသဖြင့် အသိဉာဏ်ပိုင်းမှာ လွတ်လပ်တဲ့သူ ဖြစ်ချင်တယ်။ ဒါကြောင့် ကိုယ့်ဉာဏ်နဲ့ကိုယ် သိဖို့ ကြိုးစားတယ်။ စာဖတ်သူကလည်း ကိုယ့်ဉာဏ်နဲ့ကိုယ် သိအောင်ကြိုးစားမှ ဒီစာကိုရေးရတဲ့ ရည်ရွယ်ချက် အောင်မြင်မယ်။

တစ်နေ့ရာရာမှာ တစ်ယောက်ယောက်က ဒီစာကိုဖတ်ပြီး ကိုယ့်ဉာဏ်နဲ့ ကိုယ် ဂုဏ်သိက္ခာရှိတဲ့ လွတ်လပ်တဲ့ ဘဝကို ဖန်တီးပြီး နေသွားတယ်ဆိုရင် ကျေနပ်ပါပြီ။

ဒီစာအုပ်ကို ဖတ်ရလို့ စိတ်ဆင်းရဲသွားတဲ့သူလည်း ရှိလိမ့်မယ်လို့ တွေးမိပါတယ်။ အဲဒီလို စိတ်ဆင်းရဲသွားလို့ ဘုန်းကြီးကို မကျေမနပ် ဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ မကျေမနပ် ဖြစ်တယ်ဆိုရင်– ဘုန်းကြီး အဲဒါကို နားလည်ပါတယ် လို့ ကြိုတင်ပြီး ပြောပါရစေ။

လူတွေကို အိပ်ပျော်အောင် ချော့သိပ်တဲ့သီချင်း ဆိုနေရုံနဲ့ မပြီးသေး ပါဘူး။ နိုးအောင်ဆိုတဲ့သီချင်းလည်း ဆိုရအုံးမယ်။ အိပ်ရေးပျက်အောင် လုပ်တယ်လို့ မထင်ပါနဲ့။ မိုးစင်စင်လင်းနေပြီ။ ထပါတော့။

ဆရာတော် ဦးဇောတိက